myantrade

# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
# နေ့စဉ်ဈေးကွက်သတင်းလွှာ

August 6, 2019 Volume 22, Number 4


၆.၈.၂၀၁၉

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၄၆၀ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၁၇၃၀၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၀၉/ကျပ် |
| CBM Rate | = ၁၅၁၁.၀/ကျပ် |
| ယူရို တစ်ယူရို | = ၁၆၉၂.၂ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၀၉၃.၈ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၈၄၀.၀ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၁၉.၈ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၀၂၆.၁ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၁၄.၇၇ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၃၅၅ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၄.၃၁ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၀.၆၂ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၉.၁၃၀ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.org
myantradetir2016@gmail.com


## မကွေးနှင့်ရေနံချောင်းတွင် မိုးမရွာ၍ နှမ်းစိုက်တောင်သူများအခက်တွေ့

မကွေးမြို့နယ်နှင့် ရေနံချောင်းမြို့နယ်တွင် တစ်လခန့် မိုးရွာသွန်းမှုမရှိခြင်းကြောင့် စိုက်ပျိုးထားသည့် နှမ်းပင်များသေဆုံးခြင်း၊ အသီးအပွင့် မအောင်ခြင်းများဖြစ်ပေါ်နေကြောင်း မကွေးမြို့နယ် ဖိုလေးလုံးကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးကျော်ဆန်းကပြောသည်။ နှမ်းပင်များအတွက်လိုအပ်သည့် နောက်ဆုံးမိုး (တောင်သူများအခေါ် အောင်မိုး) မရွာသွန်းသဖြင့် နှမ်းပင်များသေဆုံးကာ မသေသေးသည့် နှမ်းပင်များတွင်လည်း မိုးလိုအပ်နေပြီး ထွက်နှုန်းထက်ဝက်ခန့်အထိ လျော့ကျနိုင်ကြောင်း ၎င်းကခန့်မှန်းပြောဆိုသည်။ ရေနံချောင်းမြို့နယ်ထဲမှာရှိတဲ့ GAP စနစ်နဲ့စိုက်ပျိုးထားတဲ့ နှမ်းပင်မှာ ပေတောရွာကတော့ မိုးမရွာ လို့ အကုန်လုံးနီးပါးဆုံးရှုံး ရတယ်။ ဧက ၅၀ ဝန်းကျင် နှမ်း ပင်တွေသေကုန်တယ်။ ကျန်တဲ့ ချိုင်းရွာ၊ သပြေစမ်းရွာတွေမှာလည်း အပင်တော့မသေသေးဘူး။ မိုးလိုအပ်နေတာပေါ့ဟု ရေနံချောင်းမြို့နယ် တောင်သူလယ်သမားများနှင့် စိုက်ပျိုးရေးလုပ်သားများအဖွဲ့မှ ဦးအောင်မင်းထွန်းကပြောသည်။

ထို့အတူ မကွေးမြို့နယ်အတွင်းရှိ ထုံးပေါက်တောကျေးရွာ၊ အလယ်ကျောင်းကျေးရွာ၊ သဖန်းဆိပ်ကျေးရွာ၊ ကမ်းရင်ကျေးရွာစသည့်ရွာများတွင်လည်း မိုးမရွာသဖြင့် နှမ်းပင်များသေကျေပျက်စီးခြင်း၊ မသေသေးသော အပင်များတွင် သီးနှုန်းလျော့ကျခြင်း၊ အရည်အသွေးမပြည့်မီခြင်းများနှင့် ရင်ဆိုင်နေရကြောင်း သဖန်းဆိပ်ကျေးရွာမှ တောင်သူဒေါ်ပြုံးကြည်ကပြောသည်။ မိုးမရွာတော့ မသေသေးတဲ့ အပင်တွေမှာလည်း အားနည်းပြီးတော့ ပိုးကျတဲ့ဒဏ်ကိုခံရတယ်။ နှမ်းရမယ်ဆိုရင် တောင်မှ အရင်တင်း ၁၀၀ ရရင် အခုတင်း ၂၀ လောက်ပဲရတော့မှာဆို တော့ ရှုံးကုန်ပြီပေါ့။ မိုးရွာလည်းနှမ်းပင်အတွက်က သိပ်မမီတော့ပါဘူးဟု ထုံးပေါက်တောကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးညိုကဆိုသည်။ နှမ်းစိုက်တောင်သူများအနေနှင့် စိုက်ပျိုးမှုတစ်ဧက အရင်းအနှီးမှာ ယခုအချိန်တွင် အနည်းဆုံးကျပ်သုံးသိန်းခွဲခန့်ရှိသဖြင့် ယခုကဲ့သို့ မိုးရွာသွန်းမှုမရှိခြင်းက နှမ်းစိုက်တောင်သူများအရှုံးနှင့်ရင်ဆိုင်ရမည်ဖြစ်ကြောင်း ဦးကျော်ဆန်းကဆိုသည်။ ယခုအချိန်သည် ပြန်လည်စိုက်ပျိုးရမည့်အချိန် မဟုတ်သေးသဖြင့် နှမ်းပင်များကို ရေအငတ်ခံနိုင်ရည်ရှိသည့် မြေသြဇာများပက်ဖျန်း၍ အနည်းဆုံးမျိုးနှမ်းပြန်လည်ရရှိရန် မျှော်လင့်နေရကြောင်း ဦးအောင်မင်းထွန်းကပြောသည်။

Source: http://www.7daydaily.com/story/162919

## ဂျပန်နိုင်ငံသည် ကုန်သွယ်ရေးစစ်ပွဲ၏ အဓိကပစ်မှတ်အဖြစ် တောင်ကိုရီးယားစက်မှုလုပ်ငန်းများကို ဦးတည်လျက်ရှိ

ဂျပန်နိုင်ငံမှ တောင်ကိုရီးယားအား ပို့ကုန်ထိန်းချုပ်မှုစနစ်နှင့်ပတ်သက်၍ ယုံကြည်ရသည့် ကုန်သွယ်ဖက်နိုင်ငံစာရင်း (White List) မှ ပယ်ဖျက်မည့်အရေးကို အတည်ပြုရန်

(၂)ရက်သာလိုတော့သည် ဖြစ်ရာ၊ အဆိုပါဂျပန်နိုင်ငံ၏ စိတ်ပျက်ဖွယ်ရာဆုံးဖြတ်ချက်ကြောင့် ထိခိုက်လာမည့် စက်မှုလုပ်ငန်းကဏ္ဍများကိုကာကွယ်နိုင်ရန်အတွက် တောင်ကိုရီးယားအစိုးရနှင့်စီးပွားရေးလုပ်ငန်းရှင်များတို့သည် ကြိုးစားအားထုတ်မှုအားမြှင့်တင်လျက်ရှိပါသည်။ ဂျပန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံအား တစ်ဖက်သတ်ကုန်သွယ်မှုအခွင့်အရေး ပေးသော(White List) ၂၇ နိုင်ငံစာရင်းမှပယ်ဖျက်ရန် ဖြစ်နိုင်ချေမြင့်မားလျက် ရှိပြီး၊ အစိုးရအဖွဲ့မှ လာမည့်သောကြာနေ့ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ(၂)ရက်နေ့တွင် အတည်ပြုမည်ဖြစ်ကြောင်းသိရှိရပါသည်။ တောင်ကိုရီးယားနိုင်ငံသည် ဂျပန်နိုင်ငံ၏ (White List) စာရင်းမှ ပယ်ဖျက်ခံရပါက၊ တောင်ကိုရီးယား ပြည်တွင်းကုမ္ပဏီများသည် Dual Use ကုန်စည်များ၊ ကုန်ကြမ်းပစ္စည်းအမျိုးအစား (၁၀၀၀) ကျော်အား ဂျပန်နိုင်ငံမှတင်သွင်းသည့်အခါတွင် တစ်ကြိမ်တင်သွင်းတိုင်း ခွင့်ပြုချက်/ ထောက်ခံချက်/ အတည်ပြုချက်များကို လျှောက်ထားရယူရန်လိုအပ်မည်ဖြစ်ပါသည်။ တောင်ကိုရီးယားနိုင်ငံအတွက် ထိခိုက်ရန်အလားအလာရှိသည့်အဆိုပါကိစ္စအား တန်ပြန်တိုက်ခိုက်မှုများဆောင်ရွက်နိုင်ရန်အတွက် တောင်ကိုရီးယားအစိုးရနှင့် စီးပွားရေးလုပ်ငန်းရှင်များသည် အသင့်အနေအထားဖြင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိကြပါသည်။

ကုန်သွယ်ရေး၊ စက်မှုလုပ်ငန်းနှင့်စွမ်းအင်ဝန်ကြီးဌာနသည် စက်မှုလုပ်ငန်းများအတွက် ဂျပန် နိုင်ငံ၏ထိန်းချုပ်လိုက်မှုများနှင့်ပတ်သက်၍ထိခိုက်မှုဖြစ်ပေါ်လာနိုင်သည့်ကိစ္စရပ်အပေါ် သတင်းစာရှင်းလင်းပွဲတစ်ရပ်ခေါ်ယူကျင်းပခဲ့ပါသည်။ တနင်္လာနေ့မှစ၍ နှစ်ပတ်တိုင်တိုင် သက်ဆိုင်ရာအရာရှိ များမှ ချစ်ပ်ပြား(Chips)၊ ရုပ်ထင်မှန်သားပြင်များ(Displays)၊ သင်္ဘောတည်ဆောက်ခြင်း၊ လေယာဉ် ထုတ်လုပ်မှု၊ စက်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ မော်တော်ယာဉ် အပိုပစ္စည်းများ၊ ဇီဝထုတ်ကုန်များ၊ အထည်အလိပ်များ၊ ဘက်ထရီများ၊ စတီးနှင့် ဒရုန်းယာဉ်များ(Drones)ထုတ်လုပ်မှုစသည့်ကဏ္ဍအသီးသီးရှိကုမ္ပဏီများနှင့် အဓိကမြို့ကြီးများတွင် တွေ့ဆုံ၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆွေးနွေးမှုများဆောင်ရွက်လျက်ရှိပါသည်။ အင်္ဂါနေ့တွင် စက်မှုဝန်ကြီးဌာနဝန်ကြီး ဆောင်ယွန်မို (Sung Yun-mo)သည် ဂျောင်ဂီပြည်နယ် (Gyeonggi Province)၊ ဖျောင်းတဲ့မြို့ (Pyeongtaek)ရှိ ချစ်ပ်ပြားနှင့် ရုပ်ထင်မှန်သားပြင် များ(Chips & Displays) ထုတ်လုပ်သည့်ပြည်တွင်းကုမ္ပဏီဖြစ်သော (Wonik IPS) သို့ သွားရောက်ခဲ့ပြီး၊ အကယ်၍သာ ဂျပန်နိုင်ငံမှဆောင်ရွက်ခဲ့ပါက မိမိတို့အနေဖြင့် အစိုးရ၊ ပုဂ္ဂလိကနှစ်ရပ်လုံး၏ စုပေါင်းအားဖြင့် မိမိတို့နိုင်ငံ၏ စီးပွားရေးကိုထိခိုက်မှုအနည်းဆုံးဖြစ်အောင်ဆောင်ရွက်သွားကြမည်ဖြစ်ကြောင်းပြောကြားခဲ့ပါသည်။ ဘဏ္ဍာရေးဝန်ကြီး ဟောင်နမ်ကီ(Hong Nam-Ki)မှ အကယ်၍သာ ဂျပန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံအား (White List)မှ ပယ်ဖျက်မှုသည် အမှန်တကယ်ဖြစ်လာပါက ပို့ကုန် ထိန်းချုပ်မှုဆိုင်ရာများပိုမိုကျယ်ပြန့်လာမည်ဖြစ်ကြောင်း၊ သို့သော်လည်း မိမိတို့သည်ဖြစ်နိုင်ချေရှိသမျှ အရာအားလုံးကို ကြိုတင်တွေးဆ၍ သက်ဆိုင်ရာ ဝန်ကြီးဌာနများအားလုံးနှင့် အချိတ်အဆက်မိစွာ ပူးပေါင်းဆောင်ရွက်သွားကြရမှာဖြစ်ကြောင်း တနင်္လာနေ့တွင်ပြောကြားခဲ့ပါသည်။

ထို့အတူ အမေရိကန်ပြည်ထောင်စု ဝါရှင်တန်၌ နိုင်ငံရေးသမားများ၊ အကြံပေးအဖွဲ့များ၊ ကုန်သွယ်မှုဆိုင်ရာ အသင်းအဖွဲ့များနှင့် စနေနေ့တွင်တွေ့ဆုံဆွေးနွေးပြီး၍ တောင်ကိုရီးယားသို့ ပြန်လည်ရောက်ရှိလာသည့်ကုန်သွယ်ရေးဝန်ကြီး မစ္စယွန်မြောင်ဟီး(Ms. Yoo Myung-hee)မှလည်း သူမအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းမှ တောင်ကိုရီးယားအရေးအပေါ် စိတ်ဝင်စားမှုရှိစေရေး ဆွဲဆောင်နိုင်ရန် ဆက်လက်ကြိုးစားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းပြောကြားခဲ့ပါသည်။ အကယ်၍သာ ဂျပန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံအား (White List) မှ ပယ်ဖျက်ခဲ့ပါက တောင်ကိုရီးယားနိုင်ငံအနေဖြင့် စက်မှုလုပ်ငန်းကဏ္ဍတွင် အဓိကမှီတည်နေရသော အနာဂတ်တွင်လည်း တိုးတက်ရန် အလားအလာကောင်းများစွာရှိသည့် အနာဂတ်မျှော်မှန်းချက်လည်းဖြစ်သော လျှပ်စစ်မော်တော်ယာဉ်နှင့် ဟိုက်ဒရိုဂျင်ကားစသည့် စက်မှုကဏ္ဍထုတ်လုပ်မှုများကိုများစွာ ထိခိုက်လာမည် ဖြစ်ပါကြောင်း စက်မှုကဏ္ဍအပေါ် စောင့်ကြည့်သူအသိုက်အဝန်းမှ ဝေဖန်ပြောကြားပါသည်။ တောင်ကိုရီးယားနိုင်ငံ ဘက်ထရီထုတ်လုပ်သည့် LG Chem၊ SK Innovation နှင့် Samsung SDI တို့သည် ဖြစ်နိုင်ချေများနေသည့်ဂျပန်နိုင်ငံ၏ကန့်သတ်မှုများအတွက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်နေကြပြီဖြစ်ပါသည်။ LG Chem ကုမ္ပဏီ၏ ဒုတိယဥက္ကဋ္ဌဖြစ်သော Chin Hak-cheol က ဇူလိုင်လ ၉ ရက်နေ့တွင်ပြုလုပ်ခဲ့သော စာနယ်ဇင်းများသို့သတင်းစာရှင်းလင်းပွဲတွင် မိမိတို့သည် ဂျပန်နိုင်ငံမှပို့ကုန် ကန့်သတ်ချက်များပြုလုပ်မည့် သက်ရောက်မှုများကိုရင်ဆိုင်ဖြေရှင်းနိုင်ရန် အနာဂတ်ဖြစ်နိုင်ချေများကို ကြိုတင်မှန်းဆ၍ စီမံကိန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါသည်။

ပို့ကုန်ဆိုင်ရာကန့်သတ်မှုအပြင် ဂျပန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ၏ သဘော်တည် ဆောက်မှုဆိုင်ရာ စက်မှုလုပ်ငန်း ကဏ္ဍကိုပါ ထိခိုက်စေရန်လုပ်ဆောင်လာနိုင်ကြောင်းသိရှိရပါသည်။ ပြီးခဲ့သည့်လက ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်မှုနှင့် စက်မှုလုပ်ငန်းဝန်ကြီးဌာနမှ အစီရင်ခံစာတစ်စောင်ထုတ်ပြန်ခဲ့ရာ တောင်ကိုရီးယားနိုင်ငံ အစိုးရပိုင်ဘဏ္ဍာရေးအဖွဲ့အစည်းမှ သဘော်ထုတ် လုပ်သည့်စက်မှုလုပ်ငန်းများအားထောက်ပံ့ပေးမှုအပေါ်ဂျပန်နိုင်ငံမှကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့အစည်း (World Trade Organization-WTO) သို့တိုင်ကြားသည့်ကိစ္စနှင့်ပတ်သက်၍ ဖော်ပြပါရှိပါသည်။ ထိုသို့ထောက်ပံ့ပေးမှုများသည် WTO ၏ စည်းမျဉ်း စည်းကမ်းများနှင့်မကိုက်ညီကြောင်း၊ ဈေးကွက် အတွင်း အနှောက်အယှက်များစွာဖြစ်ပေါ်နိုင်ကြောင်း ဖော်ပြပါရှိပါသည်။ ယခုအခါ ဂျပန်နိုင်ငံသည် တောင်ကိုရီးယားနိုင်ငံ၊ သဘော်တည်ဆောက်မှုစက်မှုလုပ်ငန်းများ ကိစ္စနှင့်ပတ်သက်၍ ၂၀၁၈ နိုဝင်ဘာလတွင် WTO သို့တိုင်ကြားခဲ့ပြီးသည့်နောက် နောက်ထပ်ခြေလှမ်းသစ်တစ်ရပ် ထပ်မံတိုးချဲ့လိုက်ခြင်းဖြစ်ပါသည်။

**Source: The Korea Herald (July 31, 2019)**

**စီးပွားရေးသံမှုး- Korea**

## လက်ရှိ ဘဏ္ဍာနှစ် (၁၀)လအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ကန်ဒေါ်လာ (၃ ဒသမ ၇)ဘီလီယံနီးပါးအထိ ခွင့်ပြုထား





လက်ရှိဘဏ္ဍာနှစ် (၁၀)လတာ ကာလအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပမာဏ အမေရိကန်ဒေါ်လာ (၃ ဒသမ ၇) ဘီလီယံနီးပါး ခွင့်ပြုပေးခဲ့ကြောင်း မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ သိရသည်။ ဩဂုတ်လ ၅ ရက်က ရန်ကုန်မြို့ရှိ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်ရုံးတွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်မောင်က ပြောကြားခဲ့ခြင်းဖြစ်သည်။ လက်ရှိအချိန်ထိတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ပေါင်း ၂၂၄ ခုခွင့်ပြုထားပေးပြီးတော့ လက်ကျန် ကန်ဒေါ်လာ သန်း ၂၀၀ နီးပါး ထပ်မံခွင့်ပြုဖို့ ရှိနေပါတယ်။ ဒီနှစ်ဝင်ရောက်မှုကတော့ မျှော်မှန်းချက်ကို ပြည့်မီနိုင်မယ်လို့ မျှော်လင့်လို့ ရပါတယ်ဟု ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ခေတ္တညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်က ပြောသည်။

၂၀၁၈-၁၉ ဘဏ္ဍာနှစ် အောက်တိုဘာလ ၁ ရက်မှ ဇူလိုင်လ ၃၁ ရက်အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ အမေရိကန်ဒေါ်လာ (၂၂၁၇ ဒသမ ၁၀၇)သန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ (၃၅၂၆ ဒသမ ၂၁၅)သန်းဖြစ်သည်။ အဆိုပါကာလအတွင်း အထူးစီးပွားရေးဇုန်ဥပဒေအရ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ (၂၂၁ ဒသမ ၄၃၀) သန်းဖြစ်သည်။ ယင်းကြောင့် လက်ရှိဘဏ္ဍာနှစ် အောက်တိုဘာလ (၁)ရက်မှ ဇူလိုင်လ (၃၁) ရက်အထိ စုစုပေါင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏ မှာ အမေရိကန်ဒေါ်လာ (၃၇၄၇ ဒသမ ၆၄၅)သန်းဖြစ်ကြောင်း သိရသည်။

ထို့အပြင် လက်ရှိဘဏ္ဍာနှစ်အတွင်း နိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၃၉)ခု၊ အမေရိကန်ဒေါ်လာ (၃၂၉ ဒသမ ၇၈၄)သန်းအပါ အဝင် ကျပ် (၁၀၄၃၉၁၉ ဒသမ ၆၂၆) သန်းဖြစ်ပြီး ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းအပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန် ဒေါ်လာ (၃၉၅ ဒသမ ၉၂၂)သန်းအပြင် ကျပ် (၁၂၆၂၃၆၆ ဒသမ ၄၃၅) သန်းကို ခွင့်ပြု/အတည်ပြုပေးထားကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားသည့် စာရင်းများအရသိရသည်။

**Source:** http://www.betvmyanmar.com/my/news/

## ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု သဘောတူစာချုပ်တွင် မြန်မာလက်မှတ်ရေးထိုးမည်

ချုပ်ပြီးအဝတ်အထည်များကို ဂျပန်၊ ကိုရီးယားနှင့် အီးယူနိုင်ငံများသို့ အခွန်ကင်းလွတ်ခွင့်ဖြင့် တင်ပို့နိုင်မည့် ဒေသတွင်း ဘက်စုံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုသဘောတူစာချုပ်ကို လာမည့်နိုဝင်ဘာ၌ လက်မှတ်ရေးထိုးနိုင်ရန် ပြင်ဆင်

နေကြောင်း ရင်းနှီးမြှုပ်နှံမှုနှင့်နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး ဦးမင်းဇော်ဦးကပြောကြားသည်။ တရုတ်၊ ဂျပန်၊ ကိုရီးယား၊ အိန္ဒိယ၊ ဩစတြေးလျ၊ နယူးဇီလန်နိုင်ငံတို့နှင့် အာဆီယံ ၁၀ နိုင်ငံတို့ ပူးပေါင်းအကောင်အထည်ဖော်မည့် ဒေသတွင်းဘက်စုံ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်တွင် အခွန်ကင်းလွတ်ခွင့်များနှင့် စီးပွားရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်များပါဝင်သည်ဟုၔင်းကဆိုသည်။ ဒီအဖွဲ့အစည်းက ကမ္ဘာ့အကြီးဆုံးဈေးကွက်ကြီးတစ်ခု ဖြစ်လာမှာပါ'ဟု ဩဂုတ် ၂ ရက်နှင့် ၃ ရက်တို့၌ တရုတ်နိုင်ငံဘေကျင်းမြို့တွင်ပြုလုပ်သော (၈)ကြိမ်မြောက် ဝန်ကြီးများ အဆင့် ကြားဖြတ်အစည်းအဝေးသို့ တက်ရောက်ခဲ့သူ ဦးမင်းဇော်ဦးကပြောသည်။

ကမ္ဘာ့ဂျီဒီပီ၏ ၄၂ ရာခိုင်နှုန်းခန့်ရှိပြီး အာရှစီးပွားရေး အင်အားကြီးနိုင်ငံများဖြစ်သော တရုတ်၊ အိန္ဒိယနှင့် ဂျပန်နိုင်ငံများ ပါဝင်မည့် စီးပွားရေးအဖွဲ့အစည်းတွင် ဖွံ့ဖြိုးမှုအားနည်းသော မြန်မာ၊ လာအို၊ ကမ္ဘောဒီးယားနိုင်ငံများက ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှု၌ ကန့်သက်ချက်အချို့ကို ကြိုတင်ပြင်ဆင်ထားသည်ဟု ၎င်းကဆိုသည်။ ရင်းနှီးမြှုပ်နှံမှုအတွက် နေရာ ကန့်သတ်နိုင်မည့်အချက်များ၊ မြေအသုံးချပိုင်ခွင့်နှင့်ပက်သက်ပြီး အစိုးရ၏ ကိုယ်ပိုင်ဆုံးဖြတ်ပိုင်ခွင့်နှင့် လာရောက် ရင်းနှီးမြှုပ်နှံမည့်လုပ်ငန်းများကို မြန်မာနိုင်ငံကပြဋ္ဌာန်းထားသည့် ရင်းနှီးမြှုပ်နှံမှုဥပဒေအတိုင်း ခွင့်ပြုခွင့်ရရှိရေးကိုလည်း မြန်မာက ဆောင်ရွက်ခွင့်ရရှိထားသည်။ ဒေသတွင်း ဘက်စုံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုပါဝင်နိုင်မည်ဆိုပါက နိုင်ငံရေး ပုံရိပ်ကောင်းလာပြီး ရင်းနှီးမြှုပ်နှံမှုတိုးလာနိုင်သည်ဟု ဦးဇော်မင်းဦးကပြောကြားသည်။

**Source:** http://www.7daydaily.com/story/162939

## တရုတ်နိုင်ငံအတွင်းမော်တော်ကားရောင်းချရမှုများ ဆက်တိုက်ကျဆင်းလျှက်ရှိခြင်း

တရုတ်နိုင်ငံ၊ စက်မှုလုပ်ငန်းများ၏ ဦးဆောင်သူဖြစ်သည့် မော်တော်ကားစက်ရုံများမှ ထုတ်လုပ်လျှက်ရှိသည့် မော်တော်ကားရောင်းချရမှုဈေးကွက်သည် ၂၀၁၉ ခုနှစ်၊ ဇွန်လအတွင်းတွင် ဆက်လက်ကျဆင်းလျက်ရှိကြောင်း၊ ဇွန်လ အတွင်းတွင် ရောင်းချရမှုသည် ပြီးခဲ့သည့်နှစ်၏ ကာလတူနှင့်နှိုင်းယှဉ်ပါက ၅ % သာကျဆင်းမည်ဟု ခန့်မှန်းထားသော်လည်း လက်တွေ့တွင်မူ ၉.၆% အထိကျဆင်းခဲ့ကြောင်း၊ တရုတ်နိုင်ငံအတွင်း၌ မော်တော်ကားရောင်းချမှုသည် ဆက်တိုက်ကျဆင်း လျက်ရှိပြီး ယခုလသည် (၁၂)လမြောက်ဖြစ်သည်ဟု တရုတ်နိုင်ငံမော်တော်ကား ထုတ်လုပ်သူများအသင်းမှပြောကြား ခဲ့ကြောင်း၊ ၂၀၁၉ ခုနှစ်၊ ဇန်နဝါရီလမှ ဇွန်လအတွင်း ရောင်းချရမှုသည် စုစုပေါင်း ၁၃.၃၂ သန်းသာရှိပြီး၊ ပြီးခဲ့သည့်နှစ်ထက် ၁၂.၄% ကျဆင်းလျက်ရှိကြောင်း၊ မော်တော်ကားဈေးကွက်တွင် အဓိကဖြစ်သည့် လူစီးမော်တော်ကားများရောင်းချရမှုသည် အဆိုပါကာလအတွင်းတွင် ၁၀.၁၂ သန်းသာရှိသည့်အတွက် ပြီးခဲ့သည့်နှစ်ကာလတူထက် ၁၄% ကျဆင်းခဲ့ကြောင်း သိရှိရ ပါသည်။

**Source: China Daily သတင်းစာ**

**စီးပွားရေးသံမှူး-တရုတ်(ပေကျင်း)**

## တရုတ်နိုင်ငံသည်ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာစေရန်အတွက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကဏ္ဍများပိုမိုဖွင့်လှစ်ပေးခဲ့ခြင်း

တရုတ်နိုင်ငံသည် ပြည်ပမှ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ဈေးကွက်ဝင် အခွင့်အလမ်း များ ရရှိစေရန် ပိုမိုပွင့်လင်းပြီး ပြည်ပရင်းနှီးမြှုပ်နှံသူများအနေဖြင့် ကဏ္ဍအများစုတွင် အဓိကချုပ်ကိုင်၍ ဆောင်ရွက်နိုင်ရန် (သို့မဟုတ်) လုပ်ငန်းတစ်ခုလုံး ပိုင်ဆိုင်နိုင်ရန်ရည်ရွယ်၍ နိုင်ငံတော်ကောင်စီနှင့် တရုတ်ကွန်မြူနစ်ဗဟိုကော်မတီတို့၏ခွင့်ပြုချက်အရ တရုတ်နိုင်ငံ အမျိုးသား ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြုပြင်ပြောင်းလဲရေးကော်မရှင် ( National development and reform commission – NDRC )နှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန (Ministry of Commerce (MOC)) တို့သည် ၂၀၁၉ ခုနှစ်အတွက် ကန့်သတ်ထားသည့် ကဏ္ဍ(၂)ခုကို ဖြေလျှော့ပေးခဲ့ကြောင်း၊ ဖြေလျှော့ပေးခဲ့သည်ကဏ္ဍများမှာ ရှေ့ပြေးဆောင်ရွက်ပြီးဖြစ်သည့် ကုန်သွယ်မှု

လွတ်လပ်စွာဆောင်ရွက်ခွင့်ရှိသည့် ဇုန် (FTZ) များ၊ ပါဝင်ဆောင်ရွက်ရန် ကန့်သတ်ထားသည့် စီမံဆောင်ရွက်မှု များပါဝင်သည့် ကဏ္ဍများ ဖြစ်ကြောင်း၊ အဆိုပါ ဖြေလျှော့ ပေးမှုသည် ၂၀၁၉ ခုနှစ်၊ ဇူလိုင်လ (၃၀)ရက်နေ့မှ စတင်အသက်ဝင်မည်ဖြစ်ကြောင်း၊ ကန့်သတ်ထားသည့်စာရင်းတွင် ပါဝင်ခြင်းမရှိသည့် ဈေးကွက်ဝင် အခွင့်အလမ်းဆိုင်ရာ ကန့်သတ်မှုများကို ယခုနှစ်မကုန်မီ အပြည့်အဝ ဖယ်ရှားပေးမည်ဖြစ်ကြောင်း၊ ဈေးကွက်ဝင်အခွင့်အလမ်းဆိုင်ရာကဏ္ဍများ၊ လုပ်ငန်းများနှင့်ပတ်သက်သည့် ကန့်သတ်ထိန်းချုပ်သည့်စာရင်း ( negative lists ) သည် ရင်းနှီးမြှုပ်နှံသူများအတွက် အကန့်အသတ်ဖြစ်စေကြောင်း၊ တရုတ်အာဏာပိုင်များအနေဖြင့် ဈေးကွက်ဝင်အခွင့်အလမ်းနှင့်ပတ်သက်သည့် negative lists အား နှစ်စဉ်ပြန်လည်သုံးသပ်ပြီး ၂၀၁၈ ခုနှစ်အတွက် negative lists အားပြီးခဲ့သည့် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့ကြောင်း၊ ယခု ပြန်လည်ပြင်ဆင်ထုတ်ပြန်ခဲ့သည့် negative lists သည် တရုတ်နိုင်ငံအနေဖြင့် ပိုမို ပွင့်လင်းမြင်သာမှုကို လိုလားလျက်ရှိသည်ကို ပြသလျက်ရှိကြောင်း၊ ဝန်ဆောင်မှုဆိုင်ရာ ကဏ္ဍများအနေဖြင့် သယ်ယူပို့ဆောင်ရေး၊ အခြေခံအဆောက်အဦ၊ ယဉ်ကျေးမှုနှင့် တန်ဖိုးမြင့် ဆက်သွယ်ရေးတို့တွင် ပိုမိုပွင့်လင်းလာမည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၌ ကန့်သတ်ထားသည့်လုပ်ငန်းများဖြစ်သော ပြည်တွင်းကုန်စည် သယ်ဆောင်ရေးလုပ်ငန်းများ၊ လူဦးရေ ၅ သိန်းကျော်ရှိသည့်မြို့များတွင် ဂတ်စ်နှင့်အငွေ့ ပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်း၊ ရုပ်ရှင်ရုံလုပ်ငန်း၊ ချိတ်ဆက်ဆောင်ရွက်ပေးသည့် ဝန်ဆောင်မှုလုပ်ငန်း၊ ဆက်သွယ်ရေးလုပ်ငန်းတို့တွင် ကန့်သတ်ထားမှုများကို ဖယ်ရှားပေး မည်ဖြစ်ကြောင်း၊ သို့ဖြစ်ရာ လယ်ယာစိုက်ပျိုးရေး၊ သတ္တုတွင်းနှင့် ထုတ်လုပ်ရေးလုပ်ငန်းများတွင် ဈေးကွက်ဝင်အခွင့်အလမ်းများ ပိုမိုကောင်းမွန်လာမည်ဖြစ်ကြောင်း၊ သဘာဝ သယံဇာတများတူးဖော်ခြင်းလုပ်ငန်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများအား တားမြစ်ခြင်း၊ ရေနံနှင့် သဘာဝဓါတ်ငွေ့ရှာဖွေတူးဖော်ခြင်း လုပ်ငန်းများအား တရုတ်-ပြည်ပပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းများ၊ အကျိုးမျှဝေခံစားခြင်းမပြုသည့် လုပ်ငန်းများသာ ဆောင်ရွက် ခွင့်ပြုခြင်း၊ molybdenum၊ tin၊ antimony နှင့် fluorite စသည့် သတ္တုများအားရှာဖွေခြင်း၊ ဖော်ထုတ်ခြင်းလုပ်ငန်းများ၊ xuan paper နှင့် Ink Ingots ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများအား တားမြစ်ထားခြင်းစသည့် ကန့်သတ်ချက်များအား ဖယ်ရှားပေးမည်ဖြစ်ကြောင်း၊ တစ်နိုင်ငံလုံးအနေဖြင့် ဖွင့်လှစ်ပေးမည့် အစီအမံအနေဖြင့် ရေထွက်ပစ္စည်းများဖမ်းယူခြင်း၊ ၂၀၁၉ ခုနှစ်အတွက် ထုတ်ပြန်ခဲ့သည့် FTZ ဆိုင်ရာ ရှေ့ပြေးအဖြစ် ထုတ်ပြန်ခဲ့သည့် ကန့်သတ်စာရင်းအရ စာအုပ်ထုတ်လုပ်ခြင်းစသည့် လုပ်ငန်းများတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများ ပါဝင်လုပ်ကိုင်ခွင့်မပြုသည့် ကန့်သတ်ထားမှုများကို ဖယ်ရှားပေးမည်ဖြစ်ကြောင်း၊ ဈေးကွက်ဝင်အခွင့်အလမ်း စဉ်ဆက်မပြတ်ချဲ့ထွင်ခြင်းနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုမြှင့်တင်နိုင်ရန်အတွက် မူဝါဒအသစ်များဖြင့် စီးပွားရေးဖွင့်လှစ်မှုကို တိုးတက်စေရန်၊ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ စဉ်ဆက်မပြတ်စီးဝင်လာစေရန်၊ နိုင်ငံဖြတ်ကျော် ပူးပေါင်းဆောင်ရွက်မှုများ ရေရှည်ယုံကြည်မှုရှိစေရန်အတွက် ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု NDRC မှပြောရေးဆိုခွင့်ရှိသူမှ ပြောကြားခဲ့ကြောင်း၊ ပြီးခဲ့သည့်နှစ်အတွင်းတွင် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ လျော့ကျခဲ့သော်လည်း တရုတ်နိုင်ငံသို့ ပြည်ပမှရင်းနှီးမြှုပ်နှံမှုများ စီးဝင်မှုသည် စံချိန်တင်မြင့်တက်ခဲ့ပြီး အမေရိကန်ဒေါ်လာ ၁၃၈.၉ ဘီလီယံအထိ ရောက်ရှိခဲ့ကြောင်း၊ ယခုနှစ်၏ ပထမ(၅)လတာ ကာလအတွင်းတွင်လည်း ပြည်ပမှရင်းနှီးမြှုပ်နှံမှုများစီးဝင်မှုသည် အမေရိကန်ဒေါ်လာ ၅၄.၆ ဘီလီယံရှိသည့်အတွက် ပြီးခဲ့သည့်နှစ်ထက် ၃.၇% မြင့်တက်ခဲ့ကြောင်းသိရှိရပါသည်။

**Source: http://www.china.org.cn/business/2019-06/30/content_74937154.htm**

**စီးပွားရေးသံမှူး-တရုတ်(ပေကျင်း)**

## အိန္ဒိယဆန်တင်ပို့မှုသည် ခုနစ်နှစ်အတွင်း အနိမ့်ဆုံးအထိကျဆင်းလာဖွယ်ရှိ

အိန္ဒိယဆန်ကို အာဖရိကနိုင်ငံများ၏ဝယ်လိုအားကျလာခြင်းနှင့် အစိုးရကဆန်ပို့ကုန်ကို ယခင်လို ထောက်ပံ့ငွေမပေးတော့ခြင်းတို့ကြောင့် အိန္ဒိယဆန်တင်ပို့မှုသည် ခုနစ်နှစ်အတွင်း အနိမ့်ဆုံးအထိကျဆင်းလာဖွယ်ရှိကြောင်း အိန္ဒိယဆန်လုပ်ငန်း တာဝန်ရှိသူများကပြောသည်။ အိန္ဒိယပို့ကုန်လျော့ကျမှုသည် ဗီယက်နမ်၊ မြန်မာစသောပြိုင်ဘက်နိုင်ငံများ၏ ဆန်တင်ပို့မှုကို မြင့်တက်လာစေနိုင်သည်ဟု အိန္ဒိယပို့ကုန်လုပ်ငန်းရှင်များကပြောသည်။ သို့သော် အိန္ဒိယအစိုးရအနေဖြင့် ယခင်နှစ်က သိုမှီးထားသည့်အရန်ဆန်များ ရောင်းထုတ်ရခက်ခဲနေချိန်မှာပင် တောင်သူထံမှ ဆန်ကိုမဖြစ်မနေ ဝယ်ယူလာရဖွယ်ရှိကြောင်း ၎င်းတို့ကပြောသည်။ အာဖရိကတိုက်မှာ ဆန်အင်အားများပြားနေပါတယ်။ အိန္ဒိယဆန်ဈေးဟာ မြင့်နေတာ

ကြောင့် အိန္ဒိယဆန်အတွက် ဝယ်လိုအားတွေဟာ မြန်မာနဲ့ တရုတ်ဘက်ကို လမ်းကြောင်း ပြောင်းသွားပါတယ်ဟု Olam India ဆန်လုပ်ငန်း၏ ဒုတိယဥက္ကဋ္ဌ Nitin Gupta က ပြောသည်။ တောင်အာရှတိုက်ရှိ အိန္ဒိယအနေဖြင့် ဧပြီလ ၁ ရက်က စတင်သည့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အတွင်း ဆန်တန်ချိန် ၁၀ သန်းမှ ၁၁ သန်းအထိ တင်ပို့နိုင်ဖွယ်ရှိသည်ဟု Gupta က ပြောသည်။

အိန္ဒိယသည် မတ်လ ၃၁ ရက်က ပြီးဆုံးခဲ့သော ၂၀၁၈-၁၉ ဘဏ္ဍာနှစ်တွင် ဆန်တန်ချိန် ၁၁ ဒသမ ၉၅ သန်း တင်ပို့ခဲ့သည်။ ၎င်းဘဏ္ဍာနှစ်တွင် ဘာစမာတီမဟုတ်သော အခြားဆန်များတင်ပို့မှုအတွက် မက်လုံးငွေ လေးလကြာ ပံ့ပိုးခဲ့သည့်တိုင် တင်ပို့ပမာဏမှာ ယခင် ၁၂ ထက် ၇ ဒသမ ၂ရာခိုင်နှုန်း နိမ့်ကျခဲ့သေးသည်။ အိန္ဒိယသည် ဘာစမာတီ မဟုတ်သော ဆန်များကို အများအားဖြင့် ဘင်္ဂလားဒေ့ရှ်၊ နီပေါ၊ ဘီနင်နှင့် ဆီနီဂေါနိုင်ငံများသို့တင်ပို့ပြီး ဘာစမာတီဆန်ကိုမူ အီရန်၊ ဆော်ဒီအာရေဗျ၊ အီရတ်နိုင်ငံများသို့တင်ပို့သည်။ အိန္ဒိယ၏ ဘာစမာတီဆန်ဈေးကွက်ပြိုင်ဘက်မှာ ပါကစ္စတန်ဖြစ်ပြီး အခြားဆန် ပို့ကုန်ပြိုင်ဘက်များမှာ ထိုင်း၊ ဗီယက်နမ်နှင့် မြန်မာတို့ဖြစ်သည်။ အစိုးရ၏ ပို့ကုန်မက်လုံးငွေ ပေးအပ်မှုသည် ယာယီသာဖြစ်ခဲ့ပြီး မတ်လ ၂၅ ရက်က ရပ်ဆိုင်းခဲ့သည်ဟု ဆန်ပို့ကုန် လုပ်ငန်းရှင်များအသင်း၏ ဥက္ကဋ္ဌ B V Krishna Rao က ပြောသည်။ ပို့ကုန်မက်လုံးငွေကို အမြန်ဆုံး ပြန်ပေးသင့်ပါတယ်။ မဟုတ်ရင်တော့ ယခုနှစ်ဆန်တင်ပို့မှု ပမာဏ အများအပြား ကျဆင်းပါလိမ့်မယ်ဟု ၎င်းကပြောသည်။ ဧပြီလမှ မေလအတွင်း အိန္ဒိယ၏ဆန်တင်ပို့မှုသည် နှစ်အလိုက် ၃၀ ရာခိုင်နှုန်းကျဆင်းကာ တန်ချိန် ၁ ဒသမ ၅၈ သန်းသာရှိခဲ့ပြီး ၎င်းအနက် ဘာစမာတီမဟုတ်သော ဆန် တင်ပို့မှုမှာနှစ်အလိုက် ၅၀ ရာခိုင်နှုန်းကျော်ကျဆင်း၍ ၇၁၁၈၃၇ တန်သာရှိခဲ့ကြောင်း လယ်ယာကုန်စည်နှင့် မွမ်းမံ စားသောက်ကုန်စည်ပို့ကုန်ဖော်ဆောင်ရေး အာဏာပိုင်အဖွဲ့က ပြုစုသော စာရင်းများအရသိရသည်။ ဆန်ဖြူတင်ပို့မှုတွင် ဗီယက်နမ်နှင့် မြန်မာတို့က အိန္ဒိယထက်တစ်တန်လျှင် ဒေါ်လာ ၃၀ အထိ သက်သာသောနှုန်းဖြင့် ရောင်းချနေ၍ အိန္ဒိယ၏ ဆန်ဖြူတင်ပို့မှု ရပ်လုနီးပါး ဖြစ်နေသည်ဟု Gupta က ပြောသည်။ အိန္ဒိယသည် ပေါင်းဆန် ဈေးကွက်တွင် ထိုင်းကို ယှဉ်ပြိုင်နိုင်ရန် လုံးပန်းနေသော်လည်း စပါးဈေးကောင်းနေခြင်းကြောင့်ပို့ကုန်ဈေး လျှော့ချမပေးနိုင်ဖြစ်နေရကြောင်း အိန္ဒိယ၏ အကြီးဆုံး ဆန်ပို့ကုန်လုပ်ငန်း Satyam Balajee အမှုဆောင် ဒါရိုက်တာ Himanshu Agarwal က ပြောသည်။

ဗဟိုအစိုးရနှင့် ပြည်နယ်အစိုးရတို့၏ စပါးဝယ်ယူမှုသည် ဆန်ဈေးများကိုမြင့်တက်စေပြီး ပို့ကုန်လုပ်ငန်းရှင်များမှာ ကမ္ဘာ့ဈေးကွက်တွင်ယှဉ်ပြိုင်နိုင်ရေး အခက်တွေ့နေရသည်ဟု Agarwal ကပြောသည်။ ဆန်အများအပြား ထုတ်လုပ် နေသော အလယ်ပိုင်း ချဟာတစ်ဂါ ပြည်နယ်တွင် ၂၀၁၈ ခုနှစ်က စပါး၏ အခြေခံ ဝယ်ဈေးကို တစ်တန်လျှင် ရူပီး ၁၇၅၀ မှ ၄၃ ရာခိုင်နှုန်း တိုးမြှင့်၍ ရူပီး ၂၅၀၀ အထိ သတ်မှတ်ပေးခဲ့သည်။ ကမ္ဘာ့ ဆန်ထုတ်လုပ်မှု အများဆုံး တရုတ်နိုင်ငံ က ဆန်ဟောင်းများ ထုတ်ပြန်ရောင်းချနေခြင်းကလည်း အိန္ဒိယပို့ကုန်လုပ်ငန်းများကို ထိခိုက်စေလျက်ရှိသည်။ တရုတ်က အာဖရိကဈေးကွက်တွေဆီ ဆန်ဟောင်းတွေပမာဏများစွာ ထုတ်ပြန်ရောင်းချနေပါတယ်။ အိန္ဒိယရဲ့ အဓိကဖောက်သည် ဖြစ်တဲ့ အာဖရိကဟာ အိန္ဒိယဆီက ဆန်ဝယ်ယူမှု ပမာဏများစွာ လျှော့ချခဲ့ပါတယ်ဟု Agarwal ကပြောသည်။

**Source:** www.thefarmermedia.com

## တရုတ်နိုင်ငံသို့ သီးနှံအမည် (အမယ်) သစ်များ တင်ပို့ရောင်းချနိုင်ရန်နှင့် သဘောတူလက်မှတ်ရေးထိုး

တရုတ်နိုင်ငံသို့ သီးနှံအမည် (အမယ်) သစ်များ တင်ပို့ရောင်းချနိုင်ရန်နှင့် သဘောတူလက်မှတ်ရေးထိုးနိုင်ရန် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဦးဆောင်သောမြန်မာအဖွဲ့က တရုတ်နိုင်ငံ၊ ပေကျင်း မြို့သို့သွားရောက်ကာ တရုတ်အထွေထွေအကောက်ခွန်ဌာနနှင့် တွေ့ဆုံဆွေးနွေးမည်ဖြစ်ကြောင်းသိရသည်။ တရုတ်နိုင်ငံ ဘက်က ဝယ်ယူလိုသည့် သီးနှံနှင့်မြန်မာနိုင်ငံဘက်က တင်ပို့ရောင်းချလိုသည့် သီးနှံများကို တရားဝင်တင်ပို့ရောင်းချနိုင်ရေး တရုတ်နိုင်ငံနှင့် ဆွေးနွေးမှုများကို ဩဂုတ်လ ၄ ရက်နေ့တွင် တရုတ်နိုင်ငံ၊ ပေကျင်းမြို့၌ ဆွေးနွေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးစိုးသန်းမင်းဒင်က မြန်မာတောင်သူကြီးများဂျာနယ်ကိုပြောသည်။ မြန်မာနိုင်ငံက ထွက်ရှိသည့် ငှက်ပျောသီး၊ ထောပတ်သီး၊ ပိန္နဲသီး၊ ဖရုံသီး၊ ကန်စွန်းဥ၊ ကျွဲကောသီး၊ ဒူးရင်းသီး၊ နဂါးမောက်သီး၊ စပျစ်သီး၊ အုန်းသီး၊ ပင်မှည့်သီး၊ ဗောက်သီး၊ ငရုတ်သီး၊ မက္ကဒေးမီးယား၊ ပြောင်းဖူးအချိုစသည့်အသီးများနှင့် ဟင်းသီးဟင်းရွက်များကို တရားဝင်ဝယ်ယူရန် ကမ်းလှမ်းထားကြောင်းသိရသည်။

ပေကျင်းမြို့တော်မှာ ဥယျာဉ်ခြံသီးနှံတွေ စိုက်ပျိုးမှုပြပွဲပြသနေတာပါတယ်။ ဒီပွဲမှာ Myanmar Day အဖြစ် ဩဂုတ်လ ၄ ရက်နေ့မှာပြသပါမယ်။ စီးပွားကူးသန်းဝန်ကြီးဦးဆောင်ပြီး သွားလေ့လာရင်း မြန်မာနိုင်ငံထွက်သီးနှံအမယ်သစ်တွေ တရားဝင်တင်ပို့နိုင်အောင် ဆွေးနွေးမှုတွေပြုလုပ်သွားဖို့ရှိပါတယ်။ အဓိကကတော့ နာနတ်သီး၊ ထောပတ်သီး၊ ကျွဲကောသီး၊

အရင်တောင်းဆိုထားတဲ့ ငါးမျိုး၊ တရုတ်ဘက်က ဂယ်ချင်တဲ့ သီးနှံတွေနဲ့ဆိုရင် ၂၂ မျိုးရှိပါတယ်။ သီးနှံအားလုံးရအောင် ဆွေးနွေးပါမယ်။ အကုန်လုံးတော့ရနိုင်မယ်မထင်ဘူး။ ရနိုင်သလောက်တော့ရအောင် ဆောင်ရွက်သွားပါမယ်။ တရုတ်ဘက်က တောင်းဆိုတာတွေကတော့ ပင်မှည့်သီး၊ ပြောင်းဖူး၊ ငှက်ပျောသီး၊ သင်္ဘောသီး၊ မက္ကဒေးမီးယား၊ ပိန္နဲသီး၊ ဒူးရင်းသီး၊ ကန်စွန်းဥ၊ မျှစ်စသဖြင့်ကမ်းလှမ်းထားပါတယ်။ ကျွန်တော်တို့ အကုန်လုံးကိုတင်ပို့ရောင်းချနိုင်ပါတယ်ဟု ၎င်းကပြောသည်။ လက်ရှိတွင် မြန်မာနိုင်ငံက သီးနှံရှစ်မျိုးကိုသာ တရုတ်နိုင်ငံသို့ တရားဝင်တင်ပို့ခွင့်ရရှိထားသေးသည်။ တရုတ်နိုင်ငံ အထွေထွေအကောက်ခွန်ဌာန၏ သဘောတူခွင့်ပြုချက်မရရှိသေးသဖြင့် ယခုနှစ် နာနတ်သီးရာသီဖြစ်သည့် ဖွန်လ ၁၅ ရက်နေ့မှစ၍ မြန်မာနိုင်ငံက နာနတ်သီးများကို တရုတ်ကပိတ်ပင်လိုက်သည့်အတွက် နာနတ်စိုက်တောင်သူများ ဈေးကွက်ပျောက်ဆုံးကာ ပြည်တွင်းဈေးကွက်တွင်သာရောင်းချနေသဖြင့် တောင်သူများဆုံးရှုံးမှုများပြားခဲ့ကြောင်းသိရသည်။

**Source:** www.thefarmermedia.com

## တစ်ဒေါ်လာ ၇ ယွမ်အထိ တရုတ်ငွေတန်ဖိုးကျဆင်း

တရုတ်ဗဟိုဘဏ်သည် တနင်္လာနေ့က ယွမ်ငွေကို နိုင်ငံရေးအရထိခိုက်လွယ်သည့် တစ်ဒေါ်လာ ၇ ယွမ်အထိ ဈေးချပေးလိုက်ပြီး ထို့အတွက် ဝါရှင်တန်နှင့်ကုန်သွယ်ရေးတင်းမာမှုများ ပိုမိုကြီးမားလာနိုင်သည်။ တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေနှင့် နည်းပညာမူဝါဒများအပေါ် ရင်ဆိုင်ရာတွင် တရုတ်မှသွင်းကုန်များကို ထပ်မံအခွန်မြှင့်တင်မည်ဟု အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်၏ လွန်ခဲ့သောအပတ်က ခြိမ်းခြောက်မှုအပြီး ယွမ်ငွေသည် တစ်ဒေါ်လာလျှင် ၇.၀၂၀၄ ယွမ်အထိ အားပျော့သွားသည်။ ယွမ်ငွေအားပျော့ခြင်းသည် ဝါရှင်တန်နှင့် တရုတ်အကြားတင်းမာမှုများကိုဖြစ်စေသည့် အမေရိကန်နိုင်ငံ၏ မကျေနပ်ချက်များအနက်တခုဖြစ်သည်။ ထိုသို့ငွေကြေးအားပျော့ခြင်းကြောင့် တရုတ်ပို့ကုန်များသည် တန်ဖိုးလွန်စွာကျနေပြီး ပြည်ပမှယှဉ်ပြိုင်သူများကိုထိခိုက်စေကာ တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးပိုငွေကို ပိုမိုကြီးထွားစေသည်။ တရုတ်ဗဟိုဘဏ်သည် ယွမ်ငွေလဲလှယ်နှုန်းကို နံနက်တိုင်းသတ်မှတ်ပြီး တနေ့တာအတွင်း ယွမ်ငွေဖြင့် ဒေါ်လာပေါက်ဈေးကို ၂ ရာခိုင်နှုန်း အတက်အကျခွင့်ပြုသည်။ တရုတ်ဗဟိုဘဏ်သည် ဈေးနှုန်းပြောင်းလဲမှုကိုထိန်းချုပ်ရန်



ငွေကြေးရောင်းဝယ်နိုင်သည် သို့မဟုတ် ကူးသန်းရောင်းဝယ်ရေးဘဏ်များအနေဖြင့် ထိုသို့လုပ်ရန် ညွှန်ကြားနိုင်သည်။ တရုတ်ဗဟိုဘဏ်အနေဖြင့် ယွမ်ငွေတန်ဖိုးတည်ငြိမ်အောင် ထိန်းထားရန် အရေးပေါ်လိုအပ်သည်ဟုမမြင်ကြောင်းနှင့် တစ်ဒေါ်လာ ၇ ယွမ်နှုန်းသည် ခံစစ်စည်းမဟုတ်တော့ကြောင်း VM Markets မှ စတီဖင်အင်းနက်က သတင်းတခုတွင် ပြောသည်။

တစ်ဒေါ်လာလျှင် ၇ ယွမ်နှုန်းသည် စီးပွားရေးအရ ထူးခြားမှုသိပ်မရှိသော်လည်း ငွေလဲနှုန်းနှင့်ပတ်သက်ပြီး အမေရိကန်နိုင်ငံက ပြန်လည်အာရုံစိုက်လာနိုင်စေသည်။ တရုတ်ဗဟိုဘဏ်က ထိုသို့ငွေကြေးတန်ဖိုးကျဆင်းရခြင်းသည် တဖက်သတ်ဝါဒနှင့်ကုန်သွယ်ရေးတွင် ကိုယ်ကျိုးစီးပွားကာကွယ်မှုကြောင့်ဖြစ်သည်ဟု ထရမ့်၏အခွန်တိုးမြှင့်ခြင်းကို ရည်ရွယ်ပြောကြားသည်။ သို့သော် တစ်ဒေါ်လာ ၇ ယွမ်ကျော်သွားခြင်းကို အရေးမပါသကဲ့သို့ပြောသည်။ ၎င်းသည် ပုံမှန်ဈေးနှုန်းအတက်အကျသာဖြစ်သည်ဟု တရုတ်ဗဟိုဘဏ်၏ ကြေညာချက်တွင်ဖော်ပြသည်။ ထရမ့်က အခွန်တိုးမြှင့်ခြင်းကြောင့် စီးပွားရေးတိုးတက်မှု လျော့ကျသွားစေမည်ဟူသည့်စိုးရိမ်မှုများက ယွမ်ငွေဈေးကျအောင်ဖိအားပေးနေသည်။ အမေရိကန်ဘဏ္ဍာရေးဝန်ကြီးဌာနသည် မေလက တရုတ်နိုင်ငံကို ငွေကြေးဈေးကစားသူအဖြစ်သတ်မှတ်ရန် ငြင်းဆန်ခဲ့သော်လည်း တရုတ်နိုင်ငံကို အနီးကပ်စောင့်ကြည့်နေကြောင်းပြောသည်။ ပို့ကုန်များကို ပြည်ပတွင် ဈေးသက်သာစေရေးအတွက် ငွေတန်ဖိုးလျှော့ချခြင်းပြုမည်မဟုတ်ကြောင်း တရုတ်ခေါင်းဆောင်များက ကတိပေးထားသည်။ သို့သော် လုပ်ထုံးလုပ်နည်းကြီးကြပ်သူများသည် အစိုးရထိန်းချုပ်သည့် ငွေလဲနှုန်းအား ဈေးကွက်အင်အားစုများကို ပိုမိုတုံ့ပြန်နိုင်စေရန် ကြိုးစားနေကြသည်။ ရင်မင်ဘီဟု လည်း ခေါ်ကြသည့် ယွမ်ငွေသည် ဖေဖော်ဝါရီလက တဒေါ်လာလျှင် ၆.၆၈၆၂ ယွမ်အထိ ရှိနေရာက ယခု ၄ ရာခိုင်နှုန်း ကျဆင်းသွားသည်။ ထိုသို့ ကျဆင်းသောကြောင်း ကုန်တင်ပို့သူများသည် ထရမ့်က တရုတ်ကုန်စည်ဘီလျံပေါင်းများစွာအပေါ် ချမှတ်သော ၂၅ ရာခိုင်နှုန်းအခွန်ကို ကာမိနိုင်အောင် အထောက်အကူပြုမည်ဖြစ်သည်။ သို့သော် ထိုသို့ဖြစ်ခြင်းကြောင့် အမေရိကန်နိုင်ငံဖက်က မကျေနပ်မှုများကိုလည်း ဖြစ်စေနိုင်သည်။

ထရမ့်သည် တရုတ်ကုန်စည် နောက်ထပ်ဒေါ်လာ ၃၀၀ ဘီလျံဖိုးအပေါ် အခွန် ၁၀ ရာခိုင်နှုန်းကောက်ခံသည့်

စက်တင်ဘာလ ၁ ရက်နေ့တွင် စတင်အသက်ဝင်မည့်အစီအစဉ်ကို ကြာသပတေးနေ့က ကြေညာလိုက်သောကြောင့် ဘဏ္ဍာရေးဈေးကွက်အတွင်း လှုပ်လှုပ်ရှားရှားဖြစ်သွားစေခဲ့သည်။ ယခုအခါ တရုတ်မှတင်သွင်းသည့် ကုန်စည်အားလုံးနီးပါး အမေရိကန်၏ တိုးမြှင့်သောအခွန်စနစ်တွင်ပါဝင်သွားပြီဖြစ်သည်။ အားပျော့သောယွမ်ငွေသည် နှေးကွေးနေသော စီးပွားရေး တိုးတက်မှုနှုန်းကိုကျားကန်ရန် ဘေ့ဂျင်း၏အားထုတ်မှုအတွက်လည်းအထောက်အကူပြုသည်။ ထိုသို့လုပ်ခြင်းကြောင့် ကမ္ဘာ့ဒုတိယအကြီးမားဆုံးစီးပွားရေးဖြစ်သည့် တရုတ်နိုင်ငံမှ ငွေရင်းစီးထွက်မှုကိုအားပေးခြင်းဖြင့် ငွေချေးယူမှုစရိတ်များကို မြင့်မားသွားစေသည်။ တရုတ်ဗဟိုဘဏ်သည် ကုန်သည်များအနေဖြင့် ယွမ်ငွေရောင်းရန်ဝယ်ရန်ကန်ထရိုက်စာချုပ်အတွက် စဘော်ငွေတင်ရမည်ဟု စည်းကမ်းထုတ်ပြန်ခြင်းဖြင့် ငွေကြေးဈေးကစားခြင်းကို တားဆီးရန် လွန်ခဲ့သောသြဂုတ်လက ကြိုးစားခဲ့သည်။ ထိုသို့လုပ်ဆောင်သောကြောင့် ငွေကြေးကုန်သွယ်မှု ဆက်လက်ရှိနေသေးသော်လည်း ကုန်ကျစရိတ် မြင့်မားစေသည်။

**Source: The Irrawaddy-Burmese Edition**

https://www.facebook.com/pe.aung.902/posts/639754316517398

## ဂျပန်နှင့် သြစတြေးလျ ငါးဈေးကြီးနှစ်ခု အတွေ့အကြုံဖလှယ်မည်

တိုကျိုရှိ နာမည်ကျော် ဆူကီဂျီငါးဈေးကြီး၏ အကြီးအကဲဟောင်းသည် သြစတြေးလျနိုင်ငံ ဆစ်ဒနီရှိ ငါးဈေးသို့ သြဂုတ် ၂ ရက်တွင် သွားရောက်ပြီး ငါးဈေးပြန်လည်ပြုပြင်ဖော်ဆောင်မှုလုပ်ငန်းနှင့်ပတ်သက်၍ အကြံဉာဏ်များပေးခဲ့သည်။ ဂျပန်နှင့်သြစတြေးလျတို့ရှိ ငါးဈေးနှစ်ခုကြား ယဉ်ကျေးမှုကွဲပြားမှုကြောင့် နှစ်နိုင်ငံသည် တစ်နိုင်ငံက အခြားတစ်နိုင်ငံထံမှ သင်ယူစရာများရှိလာမည်ဖြစ်ကြောင်း ဟီရိုယုကီ မော်ရီမိုတိုကပြောဆိုခဲ့သည်။ နာမည်ကျော် ဆူကီဂျီငါးဈေးကို တိုကျိုရှိ တိုယိုဆုခရိုင်သို့ အောက်တိုဘာတွင် ပြောင်းရွှေ့ခဲ့သည်။

ယင်းပြောင်းရွှေ့မှုတွင် လုပ်ငန်း ၉၀၀ ကျော်ပါဝင်ခဲ့သည်။ ထိုနည်းတူပင် ၁၉၈၉ ခုနှစ်တွင် ဖွင့်လှစ်ခဲ့သည့် ဆစ်ဒနီငါးဈေးသည် ကမ္ဘာ့အကြီးဆုံး ပင်လယ်စာလေလံပွဲများကျင်းပနေသည့် နေရာတစ်ခုဖြစ်ကာ ယင်းကို ၂၀၂၀ ပြည့်နှစ်တွင် သြစတြေးလျဒေါ်လာ သန်း ၂၅၀ ( ဒေါ်လာ သန်း ၁၇၀) အကုန်အကျခံကာ ပြန်လည်ပြုပြင်မည်ဖြစ်သည်။ ပြုပြင်သည့် ဈေးသစ်ကို ၂၀၂၄ ခုနှစ်တွင် ဖွင့်လှစ်နိုင်မည်ဟု မျှော်မှန်းထားသည်။ စက်တင်ဘာတွင် ဆစ်ဒနီငါးဈေးမှ ကိုယ်စားလှယ်များသည် ဂျပန်သို့လာရောက်ပြီး တိုယိုဆုဈေးကို လေ့လာမည်ဖြစ်သည်။

**Source:**https://myanmar.mmtimes.com/news/126571.html?fbclid

## မြန်မာနှင့်အာဖရိကမှ ပဲသွင်းကုန်များကြောင့် အိန္ဒိယမှာပဲဈေးကျဆင်းဟုဆို

အာဖရိကဒေသနဲ့ မြန်မာတို့မှတင်သွင်းလိုက်တဲ့ပဲများ အိန္ဒိယဆိပ်ကမ်းများသို့ ဆိုက်ရောက်လာခဲ့ခြင်းကြောင့် ပြီးခဲ့တဲ့ တစ်ပတ်အတွင်းက အိန္ဒိယပြည်တွင်း ပဲဈေးကွက်မှာဈေးနှုန်း ၅ ရာခိုင်နှုန်းကနေ ၁၀ ရာခိုင်နှုန်းအကြားကျသွားခဲ့ကြောင်း ပဲကုန်သည်တွေကပြောပါတယ်။ အိန္ဒိယပြည်တွင်းဈေးကွက်တွင်း ပဲဝင်ရောက်မှုဟာ သြဂုတ်လကုန်ပိုင်းနှင့် စက်တင်ဘာလဆန်းပိုင်းအကြား အမြင့်ဆုံးနှုန်းရောက်ဖို့ရှိကာ ယင်းနောက်ပွဲတော်အတွင်းဈေးနှုန်းပိုင်းဆက်လက်အားနည်းနေဖို့ ရှိနေကြောင်း ၎င်းတို့ကပြောပါတယ်။

အိန္ဒိယတွင် မုန့်နှင့်အချိုစားစရာများပြုလုပ်ရာတွင် ပဲအမျိုးမျိုးမှာ အဓိကပါဝင်ပစ္စည်းဖြစ်သည့်အတွက်ယင်းအတွက် ဝယ်လိုအားမှာလည်း စက်တင်ဘာနှင့်အောက်တိုဘာပွဲတော်လများအတွင်း မြင့်တက်ဖို့ရှိသည်ဟုသိရပါတယ်။ အိန္ဒိယ အစိုးရအနေဖြင့် ယင်းပွဲတော်ကာလအတွင်း ပဲပြတ်လပ်မှုမရှိစေရန်နှင့် ပဲဈေးနှုန်းတည်ငြိမ်စေရန်ရည်ရွယ်ပြီး အောက်တိုဘာ ၃၁ ရက်မတိုင်မီ ပဲစင်းငုံတန်ချိန် ၄ သိန်း၊ ပဲတီစိမ်းနှင့်မတ်ပဲတန်ချိန် တစ်သိန်းခွဲစီကို တင်သွင်းခွင့်ပြုထားခဲ့ကြောင်း သိရပါတယ်။

**Source:** https://economictimes.indiatimes.com/.../article.../70529705.cms

SFJ Strategy First Journal

## မိုးခေါင်နေမှုကြောင့် မြင်းခြံမြို့နယ်ရှိ ကညွတ်စိုက်ခင်းများ အထွက်နောက်ကျ



မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့နယ်အတွင်းရှိ ကညွတ်စိုက်တောင်သူများအနေဖြင့် ယခုနှစ်တွင် မိုးရွာသွန်းမှုမရှိသဖြင့် ကညွတ်စိုက်ခင်းများ ကညွတ်အထွက်နှုန်းနောက်ကျနေလျှက်ရှိကြောင်း မြင်းခြံမြို့ ဇော်ထူးကညွတ်ရောင်းဝယ်ရေးလုပ်ငန်းမှ သိရသည်။ မြင်းခြံမြို့နယ်အတွင်း ကညွတ်စိုက်ခင်းများကို ဒေသခံတောင်သူများ အဓိကအားထားစိုက်ပျိုးလျှက်ရှိရာ ယခုအခါတွင် မိုးဦးကာလမှ ယနေ့အချိန်ထိ မိုးကောင်းစွာ ရွာသွန်းမှုမရှိသဖြင့် ကညွတ်စိုက်ခင်းများမှာ အောင်မြင်မှုမရှိသေးဘဲ ကညွတ်အထွက်နှုန်းများ နောက်ကျနေကြောင်း သို့အတွက်ကြောင့် ကညွတ်စိုက်တောင်သူများမှာ စိုက်ခင်းများရေရရှိရေးလုပ်ငန်းများနှင့် ထိန်းသိမ်းရေးလုပ်ငန်းများကို ယခင်နှစ် များထက်ပို၍ ဂရုတစိုက်လုပ်ကိုင်နေရကြောင်းသိရသည်။ ကညွတ်စိုက်ခင်းအခြေအနေကတော့ အရင်နှစ်တွေက ဖွန်လပိုင်းလောက်ကစပြီး ကညွတ်အထွက်နှုန်းတွေ အားရကျေနပ်မှုရှိခဲ့ပါတယ် ဒီနှစ်ထဲမှာတော့ အခုအချိန်ထိ မထွက်သေးပါဘူး မိုးကခေါင်နေတော့ စိုက်ခင်းရဲ့ရေလိုအပ်ချက်ကများနေတော့ စက်မောင်းပြီး နေစဉ်ရေတင်နေရပါတယ် တစ်ချို့တောင်သူတွေဆိုရင် စက်နဲ့ရေမတင်နိုင်လို့ ကညွတ်ပင်တစ်ချို့သေကုန်တာတွေရှိပါတယ် မြင်းခြံမြို့နယ်အနေနဲ့ ကညွတ်စိုက်တောင်သူတွေ တိုးပွားလာကြပေမယ့် အထွက်နှုန်းကလျော့တော့ အဝယ်ဒိုင်တွေအနေနဲ့ ကျေးလက်နေဒေသခံတွေဆီနယ်ဆင်းပြီးဝယ်နေရပါတယ်ဟု ဇော်ထူးကညွတ်ရောင်းဝယ်ရေးမှ ပိုင်ရှင်ဦးသန်းဇော်ဦးမှပြောပြသည်။ မြင်းခြံမြို့နယ် ကညွတ်စိုက်တောင်သူများအနေဖြင့် ကညွတ်စိုက်ကေမှာ ယနေ့အချိန်ထိ(5.8.2019) ပျမ်းမျှ ၄၀၀ ကျော်ရှိနေကြောင်း မြင်းခြံမြို့ပေါ်ရှိ ကညွတ်အဝယ်ဒိုင်ကြီးများမှာ ၅ ဦးထိရှိနေပြီဖြစ်ကြောင်း ကညွတ်ဈေးနှုန်းအနေဖြင့် ယနေ့အချိန်ထိ (5.8.2019)ထိ တစ်ပိဿာလျှင် အောက်ထစ်ဈေး ၂၀၀၀ ကျပ်မှ အမြင့်ဆုံးဈေး ၄၀၀၀ ကျပ်ထိ ပေါက်ဈေးရှိနေကြောင်းသိရသည်။

**Source:** https://www.facebook.com/yadanabonnewspaper/

## ပြည်ပသို့ မတင်ပို့နိုင်၍ သကြားတန်ချိန် ခြောက်သိန်းခန့်ရှိနေ

တရုတ်နိုင်ငံက မြန်မာက သကြားများ တင်သွင်းနေမှုကိုပိတ်ပင်အပြီး ပြည်တွင်း၌ သကြားတန်ချိန်ခြောက်သိန်းခန့် သောင်တင်နေ၍ ပြည်ပသို့တင်ပို့နိုင်ရန် အစိုးရကအကူအညီပေးစေလိုကြောင်း လုပ်ငန်းရှင်များကပြောသည်။ ကျွန်တော်တို့ တောင်သူ၊ စက်ရုံ၊ ကုန်သည်များအနေနဲ့ ကြံသကြားစိုက်ပျိုးရေး ကွင်းဆက်တစ်ခုလုံး အဆင်ပြေဖို့ဆိုရင် လက်ရှိမှာ ပြည်ပကနေ တင်သွင်းနေတဲ့ Re-export တစ်ဆင့် တင်ပို့သကြား ပိတ်ထားပေးပါ။ လုပ်ငန်းသုံးသကြား (Refine Sugar) အမှန်တကယ်သုံးနိုင်တာထက် ပိုမသွင်းဖို့နဲ့ တရုတ်ကိုအမြန်ဆုံးတင်ပို့ရောင်းချနိုင်ဖို့ ဒါတွေကိုကူညီဆောင်ရွက်ပေးဖို့ လိုအပ်နေတယ်ဟု မြန်မာနိုင်ငံသကြားနှင့် ကြံထွက်ပစ္စည်းလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌ ဦးဂင်းဌေးကပြောသည်။ လက်ရှိတွင် ပြည်တွင်းထုတ်သကြား တန်ချိန်ခြောက်သိန်းခန့် ဂယ်လက်မရှိခြင်းကြောင့် ဂိုဒေါင်များတွင်စုပြုံနေပြီး ဆက်လက်သိုလှောင်ရန် အခက်အခဲများကြုံနေရသည်။ ဈေးနှုန်းလည်းကျဆင်းကာ စက်ရုံပိုင်ရှင်များက ကြံစိုက် တောင်သူများကို စိုက်ပျိုးစရိတ်ထုတ်ပေးရန်ပင် အရင်းအနှီးမရှိဖြစ်နေကြောင်းသိရသည်။ ထိုအခြေအနေများကြောင့် ကြံစိုက်တောင်သူများ၊ သကြားစက်ရုံလုပ်ငန်းရှင်များ၊ ပို့ကုန်လုပ်ငန်းရှင်များက ကြံသီးနှံကဏ္ဍ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရန် ပူးပေါင်း ဆောင်ရွက်ရမည်ဖြစ်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်မောင်းကပြောသည်။ ကြံ၊ သကြားဥပဒေတွေ မြန်မြန်ပေါ်လာအောင် စိုက်ပျိုးရေးဌာနက ဘယ်လိုလုပ်ရမယ်။ အစိုးရဌာနတွေအနေနဲ့ မူဝါဒဘယ်လိုရေးဆွဲမလဲ။ ဒါတွေ မပေါ်သေးခင်အမိန့်နဲ ညွှန်ကြားချက်တွေ ဘယ်လိုထုတ်ပေးရမလဲ။ ပေါ်လစီပိုင်းဆိုင်ရာကိုတော့ အစိုးရကပိုင်းကူပေးပါမယ်။ သူတို့လုပ်နိုင်ကိုင်နိုင်အောင် ပိုင်းဝန်း ဆောင်ရွက်ပေးမှာပါ။ တောင်သူတွက်ခြေကိုက်အောင်၊ အမြတ်ရအောင်ဖန်တီးပေးရမယ်။ ကုန်သည်ပိုင်းကလည်း သင့်တင့်တဲ့အမြတ်လောက်သာယူပြီး တောင်သူတွေစိုက်ပျိုးလာအောင် ဆောင်ရွက်ပေးရမယ်ဟု ၎င်းကပြောသည်။ အစိုးရက ပြည်ပနိုင်ငံများနှင့် အစိုးရအချင်းချင်းညှိနှိုင်းရသည့်လုပ်ငန်းစဉ်များတွင် စည်းမျဉ်းစည်းကမ်းသဘောတူညီမှု

များဖြင့်ဆောင်ရွက်ရသဖြင့် အချိန်ယူရသည့်အတွက် လတ်တလောဈေးကွက်ပြဿနာများကို ဖြေရှင်းနိုင်ရန် ပြည်ပလုပ်ငန်းရှင်များနှင့် လုပ်ငန်းရှင်အချင်းချင်းညှိနှိုင်းရောင်းဝယ်မှုကို ကြိုးစားဆောင်ရွက်သင့်ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမျိုးသူကအကြံပြုပြောကြားသည်။

နိုင်ငံတကာ ဝယ်လက်များရရှိ၊ ချိတ်ဆက်နိုင်ရန် ကုန်စည်ပြပွဲများ၊ စီးပွားရေးဆွေးနွေးပွဲများကို တက် ရောက်ဆွေးနွေးပြသသင့်ကြောင်း ၎င်းကပြောသည်။ အစိုးရအနေနဲ့ ကူညီဆောင်ရွက်ပေးရမယ့်အခြေအနေတွေကိုသိရှိနိုင်ဖို့ တောင်သူ၊ စက်ရုံ၊ ကုန်သည်၊ ဝန်ကြီးဌာနတွေ့ဆုံဆွေးနွေးမှုတွေ ဆောင်ရွက်နေပါတယ်။ အဓိကပြဿနာကတော့ ကြံတောင်သူနဲ့ စက်ရုံကြားက ပြဿနာက ပိုကြီးနေတယ်။ သကြားဈေးက ပြည်တွင်းမှာတင်မဟုတ်ဘူး၊ နိုင်ငံတကာမှာလည်း ကျဆင်းနေပါတယ်။ ပြည်တွင်းသကြားဈေးကျဆင်းရင် စက်ရုံမလည်နိုင်ဖြစ်မယ်။ စက်ရုံမလည်ပတ်ရင် တောင်သူလည်း ဒုက္ခရောက်မယ်။ သကြားစက်အရင်းအနှီးကလည်းကြီးတယ်။ ကြံစိုက်တောင်သူကို ကြိုတင်ငွေပေးဖို့အတွက် လက်ကျန်သကြားတွေ ရောင်းမထွက်ရင်ပေးနိုင်မှာမဟုတ်ဘူး။သကြားဈေးကျလို့ ကြံစိုက်တောင်သူကို ကြံဈေးလျှော့ပေးလို့မရဘူး။ ကြံစိုက် တောင်သူတွေ အခက်အခဲမဖြစ်အောင် အစိုးရအနေနဲ့ အလေးထားဆောင်ရွက်ပေးဖို့လိုအပ်ပါတယ်ဟု ၎င်းက ပြောသည်။ သကြားကုန်သည်များက တရုတ်ဝယ်လက်ကုန်သည်များနှင့် နားလည်မှုစာချွန်လွှာရေးထိုး၍ ရောင်းချနေမှု ရှိသော်လည်း ပမာဏနည်းပါးနေသေးသည်။

ထိုအခြေအနေများကို ဖြေရှင်းပေးရန် ကြံနှင့်ကြံထွက်ပစ္စည်းထုတ်လုပ်သည့် လုပ်ငန်းရှင်များက ဒုတိယသမ္မတ(၁) ဦးဆောင်သည့်ပုဂ္ဂလိကစီးပွားရေးကော်မတီထံတင်ပြထားကြသည်။ ကြံ၊သကြား ဈေးကွက်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး အလုပ်ရုံဆွေးနွေးပွဲကို ဇူလိုင် ၂၅ ရက်က မန္တလေးတိုင်းဒေသကြီး ကုန်သည်ကြီးများနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်း အစည်းအဝေးခန်းမတွင် ဆွေးနွေးခဲ့ကြသည်။

**Source:** https://www.facebook.com/myanmaeconomic/posts/347982792816672?__tn__=K-R

## တရားမဝင် ကြက်သွန်ဖြူ ဝင်ရောက်မှု စစ်ဆေးကြပ်မတ်မှုများ ပြုလုပ်

နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် ရှမ်းပြည်နယ်အတွင်းသို့ တရုတ်မှတရားမဝင်ဝင်ရောက်လာသည့် ကြက်သွန်ဖြူများကို ပြည်နယ်အစိုးရမှ ထိရောက်စွာစစ်ဆေးဆောင်ရွက်နေခြင်းကြောင့် ဈေးနှုန်းအနည်းငယ် မြင့်တက်လာကြောင်း ကုန်သည်များထံမှသိရသည်။ တောင်ကြီးမြို့မှ ကြက်သွန်ဖြူကုန်သည်တစ်ဦးက ပြည်နယ်အစိုးရအဖွဲ့နဲ့ သက်ဆိုင်ရာဝန်ကြီးဌာနတွေကလည်း နှစ်စဉ်စစ်ဆေးတယ်။ ဒါပေမယ့် တရားမဝင်ကတော့ ပပျောက်မသွားပေမယ့် ဝင်ရောက်နှုန်းတော့ နည်းသွားတာပေါ့။ ဒီလိုမှမလုပ်ရင်တောင်သူတွေဟာ စိုက်ပျိုးဧကတွေလျှော့ချစိုက်လာမယ်ဆိုရင် ပြည်တွင်းသုံးစွဲမှုကို ထိခိုက်လာမှာဖြစ်တယ်ဟုပြောသည်။သက်ဆိုင်ရာ ဝန်ကြီးဌာနအနေဖြင့် နယ်စပ်ဝင်ပေါက်များမှ စစ်ဆေးကြပ်မတ်ခြင်းကို ကြက်သွန်ဖြူများ ထွက်ပေါ်ချိန်တွင်သာမကပဲ တစ်နှစ်ပတ်လုံးစီမံချက်ချဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ပြည်ပသို့ ကြက်သွန်ဖြူ တန်ချိန် ၃၀၀၀ ခန့်သာ တင်ပို့နိုင်ခြင်းကြောင့် ထုတ်လုပ်မှုနှင့်နှိုင်းယှဉ်ပါက တင်ပို့မှုလျော့နည်းနေသေးကြောင်းသိရသည်။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်ဦးအောင်စိုးက ဝန်ကြီးဌာနအနေနဲ့ အသင်းအဖွဲ့တွေ ဖွဲ့စည်းဆောင်ရွက်ပေးတာနဲ့ ဈေးငွေရရှိဖို့ကို ချိတ်ဆက်ဆောင်ရွက်ပေးသွားမယ်ဟုပြောသည်။ လက်ရှိ ဈေးကွက်အတွင်း ယခင်က ကြက်သွန်ဖြူ မျိုးခြားတစ်ပိဿာလျှင် ၁၀၅၀ ကျပ်ရှိရာမှ ယခုအခါတွင် ၁၈၀၀ ကျပ်အထိ မြင့်တက်လာသည်။ ယင်းအပြင် ရှမ်းပြည်နယ်အတွင်း ယခင်နှစ်က ကြက်သွန်ဖြူ ဈေးမ ကောင်းခဲ့သည့်အတွက် ယခုနှစ်တွင် တောင်သူများမှာ စိုက်ဧက လျှော့ချထားကြောင်း သိရသည်။

လက်ရှိ မြန်မာနိုင်ငံတွင် အများဆုံး စိုက်ပျိုးနေသည့် ကြက်သွန်ဖြူ မျိုးများမှာ ထူး- ၁၊ ထူး-၂၊ ထူး- ၃၊ ထူး- ၄၊ ထူး- ၅ တို့ဖြစ်ကြောင်း သိရသည်။ မြန်မာနိုင်ငံသည် ကြက်သွန်ဖြူစိုက်ပျိုးမှုများသည့် နိုင်ငံဖြစ်ပြီး စိုက်ပျိုးဧကပေါင်း ၇ သိန်းကျော်ရှိပြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် စိုက်ဧက ၄၀၀၀၀ နီးပါးရှိကာ၊ တန်ချိန် ၉၀၀၀၀ ကျော် ထွက်ရှိကြောင်း သိရသည်။

**Source:** https://www.facebook.com/amiamyanmar/posts/2369182679833881?__tn__=K-R

## ယခုနှစ်အတွင်း မြိတ်မျှင်ငါးပိများ ရောင်းအားကျပြီး ဈေးနှုန်းထက်ဝက်ခန့်ကျဆင်းနေ

ယခုနှစ်အတွင်း တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့မှရန်ကုန်မြို့သို့တင်ပို့နေသည့် မျှင်ငါးပိများရောင်းအားကျပြီး ဈေးနှုန်းထက်ဝက်ခန့်ကျဆင်းနေကြောင်း တနင်္သာရီတိုင်းဒေသကြီး ပန်းဇင်ကျေးရွာမှ ကျေးရွာအခြေပြု ငါးလုပ်ငန်းဆိုင်ရာ ပူးတွဲစီမံခန့်ခွဲမှုကော်မတီဒုတိယဥက္ကဋ္ဌ ဦးဇင်မိုးသူ၏ပြောဆိုချက်အရ သိရပါတယ်။ 'ဒီနှစ်က ရောင်းအားမကောင်းဘူး။ ပြီးခဲ့တဲ့ သီတင်းကျွတ်လောက်ကတည်းကဖြစ်နေတာပါ။ အရင်တုန်းက မြိတ်ငါးပိရဲ့ ပေါက်ဈေးက တစ်ပိဿာကို ငွေကျပ် ၁၉၀၀ လောက်ရှိတယ်။ အခု တစ်ပိဿာကို ငွေကျပ် ၁၀၀၀ လောက်ပဲ ရှိတော့တယ်။ ရန်ကုန်မှာဆိုရင် ဈေးကြီးတယ်။ ရန်ကုန်မှာ အရောင်းအဝယ်အေးလို့ မြိတ်မြို့မှာ ဈေးလျှော့ပြီး ရောင်းရတယ်" ဟု ဦးဇင်မိုးသူ ကပြောကြားခဲ့ပါတယ်။

မြိတ်မျှင်ငါးပိကို မျှင်ကောင်လေးများဖြင့် ပြုလုပ်ခြင်းဖြစ်သည်။ အဆိုပါငါးပိများကို ရန်ကုန်မြို့သို့ပို့ဆောင်ပြီး ရန်ကုန်မြို့မှတစ်ဆင့် အနယ်နယ်အရပ်ရပ်ရှိ ဈေးကွက်သို့ တင်ပို့ခြင်းဖြစ်ကြောင်း သိရပါတယ်။ လက်ရှိတွင် ရန်ကုန်မြို့သို့ ဧရာဝတီတိုင်းဒေသကြီးမှလည်း မျှင်ငါးပိများတင်ပို့လျက်ရှိပြီး ယင်းမျှင်ငါးပိသည် မြိတ်ဒေသထွက် မျှင်ငါးပိ ထက် ဈေးနှုန်းလျှော့နည်းသည့်အတွက် ဧရာဝတီတိုင်းဒေသကြီးမှ ငါးပိကို အဝယ်များသဖြင့် မြိတ်ဒေသထွက် ငါးပိမှာ ရောင်းအားကျဆင်းလာခြင်းဖြစ်ကြောင်းသိရပါတယ်။

**Source: Myawady**

https://www.foodindustrydirectory.com.mm/food-industry/food-livestock/item/2222-myeik-shrimp-paste-company-this-year-and-about-half-the-price-decline.html

## STOCK EXCHANGE (6.8.2019)

YANGON
STOCK EXCHANGE

Search...

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

### Stock trading data

As of 6th Aug. 2019

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +500 | +4.55% | 11,000 | 11,500 | 11,000 | 1,534 | 16,875,500 | 27,112,747 | 311,797 |
| MTSH | 00002 | 3,400 | -50 | -1.45% | 3,450 | 3,450 | 3,400 | 3,309 | 11,354,750 | 38,929,150 | 132,359 |
| MCB | 00003 | 8,100 | +100 | +1.25% | 8,100 | 8,100 | 8,100 | 135 | 1,093,500 | 10,400,986 | 84,248 |
| FPB | 00004 | 25,500 | +1,000 | +4.08% | 25,000 | 25,500 | 25,000 | 543 | 13,641,500 | 2,472,053 | 63,037 |
| TMH | 00005 | 2,950 | +0 | +0.00% | 2,950 | 2,950 | 2,950 | 1,362 | 4,017,900 | 12,823,224 | 37,829 |

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 459.55 | +11.04 | +2.46% | 449.27 | 460.07 | 449.27 | 6,883 | 46,983,150 | 5 | 629,270 |

**Index chart**



# Market Overview

As of 1:00 pm, 6th Aug. 2019

| MYANPIX | 459.55<br>▲ 11.04 |
|---|---|
| Total Volume (shares) | 6,883 |
| Total Value (MMK) | 47 mil |
| Listed Company | 5 |
| Market Cap. (MMK) | 629,270 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 11,500 | ▲ 500 |
| MTSH | 00002 | 3,400 | ▼ 50 |
| MCB | 00003 | 8,100 | ▲ 100 |
| FPB | 00004 | 25,500 | ▲ 1,000 |
| TMH | 00005 | 2,950 | ▲ 0 |

TIR